# COVID-19 ကာလအတွက် ငွေကြေးကာကွယ်မှု အထူးခံစားခွင့်

အသက်အာမခံထားရှိသူတွေအတွက် အထူးကြပ်မတ်ကုသဆောင် (ICU) တွင် ကုသမှုခံ ယူရခြင်း၊ COVID-19 ကူးစက်ခံရသောကြောင့် အသက်ဆုံးရှုံးရခြင်းတို့အတွက် အခမဲ့ ထပ်တိုးအကျိုးခံစားခွင့်



အစီအစဉ်ကာလမှာ
**ဒီဇင်ဘာလ ၃၁ရက်၊ ၂၀၂၂ ခုနှစ်**
အထိ ဖြစ်သည်။

Manulife

# COVID-19 ကာလအတွက် ငွေကြေးကာကွယ်မှု အထူးခံစားခွင့်

အသက်အာမခံထားရှိသူတွေအတွက် အထူးကြပ်မတ်ဆောင် (ICU) တွင် ကုသမှုခံယူရခြင်း၊ **COVID-19** ရောဂါကူးစက်ခံရသောကြောင့် အသက်ဆုံးရှုံးရခြင်းတို့အတွက် အခမဲ့ ထပ်တိုးအကျိုးခံစားခွင့်

က မ္ဘာ့ကပ်ရောဂါဆိုးကြီးက မြန်မာနိုင်ငံရဲ့မိသားစုအများအပြားကို တိုက်ခိုက်ခဲ့တာကြောင့် ကျွန်တော်တို့အနေနဲ့ ပြန်လည်ထူထောင်နေဆဲကာလမှာသင့်အတွက် ပိုမိုကောင်းမွန်တဲ့လူနေမှုဘဝကို တည်ဆောက်ရာမှာ ထောက်ပံ့ပေးဖို့ သန္နိဋ္ဌာန်ချထားပါတယ်။ အကျပ်အတည်းကာလမှာ ငွေကြေးဝန်ထုပ်ဝန်ပိုးအတွက် သင့်ရဲ့ စိုးရိမ် ပူပန်မှုတွေကို လျှော့ချပေးဖို့ သင့်ကို ငွေကြေးကာကွယ်မှုပေးမယ့် ထပ်တိုးအကျိုးခံစားခွင့်ကို ပေးအပ်သွားမှာပါ။

**အစီအစဉ်ကာလမှာ ဒီဇင်ဘာလ ၃၁ရက်၊ ၂၀၂၂ ခုနှစ်အထိ ဖြစ်သည်။**



Manulife

# COVID-19 ကာလအတွက် ငွေကြေးကာကွယ်မှု အထူးခံစားခွင့်

### အထူးကြပ်မတ်ကုသဆောင် **(ICU)** တွင် ဆေးကုသမှု ခံယူရခြင်းအတွက် အကျိုးခံစားခွင့်

အသက်အာမခံထားရှိသူအတွက်အကျုံးဝင်ပါသည်။

COVID-19 ရောဂါကူးစက်ခံရသောကြောင့်အထူးကြပ်မတ်ကုသဆောင် (ICU) တွင် ကုသမှုခံယူရသည့်အတွက် သင့်အာမခံထားငွေစုစုပေါင်း၏ ၅၀ ရာခိုင်နှုန်း (အများဆုံးအကျိုးခံစားခွင့် ၁၀,၀၀၀,၀၀၀ ကျပ်အထိ)

### အသက်ဆုံးရှုံးရခြင်းအတွက် အကျိုးခံစားခွင့်

အသက်အာမခံထားရှိသူအတွက်အကျုံးဝင်ပါသည်။

COVID-19 ကြောင့် အသက်ဆုံးရှုံးရခြင်းအတွက် သင့်အာမခံထားငွေစုစုပေါင်း၏ ၁၀၀ ရာခိုင်နှုန်း (အများဆုံးအကျိုးခံစားခွင့် ၁၅,၀၀၀,၀၀၀ ကျပ်အထိ)

ထုတ်ယူပြီးသော အထူးကြပ်မတ်ကုသဆောင် (ICU) အကျိုးခံစားခွင့်ရှိပါက နုတ်ယူထားမည်ဖြစ်သည်။

(က) အသက်အာမခံထားရှိသူသာလျှင် အကျိုးခံစားခွင့်အတွက် အကျုံးဝင်ပါသည်။

(ခ) COVID-19 ရောဂါကူးစက်ခံရသောကြောင့် အစိုးရဆေးရုံ (သို့) အစိုးရခွင့်ပြုထားသော COVID-19 ကုသရေးစင်တာ (သို့) ဆေးရုံတွင် တက်ရောက်ဆေးကုသမှု ခံယူခြင်းအတွက်သာ အကျိုးခံစားခွင့်ရှိသည်။

(ဂ) ရောဂါရှိပြီးသား အခြေအနေဖြစ်နိုင်သောကြောင့် အကျိုးခံစားခွင့်အတွက် ၁၄ ရက် စောင့်ဆိုင်းကာလရှိပါသည်။ ပေါ်လစီအသက်ဝင်သည့်နေ့မှစပြီး နောက် ၁၄ ရက်အကြာမှသာ အသက်အာမခံထားရှိသူဟာ (အသက်အာမခံထားရှိသူမှသာ) COVID-19 ကူးစက်ခံရကြောင်းဆေးစစ်သိရှိခဲ့သော် COVID-19 အကျိုးခံစားခွင့်ကို ရရှိမည်ဖြစ်ပါသည်။

Manulife

# COVID-19 ကာလအထူးအကျိုးခံစားခွင့် အတွက် စည်းကမ်းသတ်မှတ်ချက်များနှင့် သဘောတူညီချက်များ

**ဤအစီအစဉ်ကာလမှာ ဒီဇင်ဘာလ ၃၁ရက်၊ ၂၀၂၂ ခုနှစ်အထိ ဖြစ်ပြီး စည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။**

(က) Manulife Myanmar မှ အသက်အာမခံပေါ်လစီဝယ်ထားသူများအားလုံးသည် သတ်မှတ်ကာလအတွင်း အထူးကြပ်မတ်ကုသဆောင် (ICU) တွင် ကုသမှုခံယူရခြင်း သို့ COVID-19 ရောဂါကူးစက်ခံရသောကြောင့် အသက်ဆုံးရှုံးရခြင်းတို့အတွက် အပိုကုန်ကျစရိတ် မလိုအပ်ဘဲ ထပ်တိုးအကျိုးခံစားခွင့်ကို ပိုင်ဆိုင်ခွင့်ရှိသည်။

(ခ) အသက်အာမခံထားရှိသူသာလျှင် အကျိုးခံစားခွင့်အတွက်အကျုံးဝင်ပါသည်။

(ဂ) COVID-19 ရောဂါကူးစက်ခံရသောကြောင့် အစိုးရဆေးရုံ (သို့) အစိုးရခွင့်ပြုထားသော COVID-19 ကုသရေးစင်တာ (သို့) ဆေးရုံတွင် တက်ရောက်ဆေးကုသမှု ခံယူခြင်းအတွက်သာ အကျိုးခံစားခွင့်ရှိသည်။

(ဃ) ရောဂါရှိပြီးသား အခြေအနေဖြစ်နိုင်သောကြောင့် အကျိုးခံစားခွင့်အတွက် ၁၄ ရက် စောင့်ဆိုင်းကာလရှိပါသည်။ ပေါ်လစီအသက်ဝင်သည့်နေ့မှစပြီး နောက် ၁၄ ရက်အကြာမှသာ အသက်အာမခံထားရှိသူဟာ (အသက်အာမခံထားရှိသူမှသာ) COVID-19 ကူးစက်ခံရကြောင်းဆေးစစ်သိရှိခဲ့သော် COVID-19 အကျိုးခံစားခွင့်ကို ရရှိမည်ဖြစ်ပါသည်။

(င) အသက်အာမခံဝယ်ယူထားသူသည် အထူးကြပ်မတ်ကုသဆောင် (ICU) တွင် ကုသမှုခံယူရခြင်း နှင့် အသက်ဆုံးရှုံးရခြင်းတို့အတွက် အကျိုးခံစားခွင့် တစ်ကြိမ်သာရရှိပါမည် (ထုတ်ယူပြီးသော ICU အကျိုးခံစားခွင့်ရှိပါက နုတ်ယူထားမည်ဖြစ်သည်)။ မည်သည့်အခြေအနေမျိုးတွင်မဆို အကျိုးခံစားခွင့်များအားလုံးကို တစ်ကြိမ်သာလျှင် ရယူနိုင်ပါသည်။ (COVID-19 ပြန်လည်ခံစားရခြင်းအတွက် ဒုတိယအကြိမ် ပေးအပ်ခြင်းမရှိတော့ပါ)

(စ) အသက်အာမခံဝယ်ယူထားသူများ သို့မဟုတ် သက်ဆိုင်ရာ တရားဝင်ကိုယ်စားလှယ်တို့သည် မိမိတို့၏ ကုန်ကျစရိတ်ဖြင့် အထူးကြပ်မတ်ဆောင် (ICU) တွင် ဆေးကုသမှုခံယူခြင်း သို့မဟုတ် အသက်ဆုံးရှုံးရခြင်းအတွက် ရက်ပေါင်း ၉၀ အတွင်း Manulife Myanmar သို့ အထောက်အထားစာရွက်များတင်ပြကာ အကျိုးခံစားခွင့်ကို လျှောက်ထားနိုင်ပါသည်။ ထိုအထောက်အထားစာရွက်စာတမ်းများတွင် COVID-19 အတည်ပြုလူနာအဖြစ် ဆေးစစ်ချက်မှတ်တမ်း၊ ဆေးရုံတက်ရသည့်အချိန်ကာလ၊ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် ဆေးဘက်ဆိုင်ရာ အတည်ပြုသေစာရင်း (သက်ဆိုင်ရာ) တို့ပါဝင်ပါသည်။

(ဆ) COVID-19 အတည်ပြုလူနာအဖြစ် ဆေးစစ်ချက်မှတ်တမ်း (လိုအပ်ချက်များ)

- အစိုးရ၏တရားဝင် COVID-19 ကုသမှုဆေးရုံ (သို့) အစိုးရခွင့်ပြုထားသော COVID-19 ကုသရေးစင်တာ (သို့) ဆေးရုံမှ ကုသပေးလိုက်သော အထူးကုဆရာဝန်ထံမှ ဆေးကုသမှု မှတ်တမ်း။
- လူနာအမည်၊ မွေးနေ့သက္ကရာဇ် (အသက်) ၊ နေရပ်လိပ်စာ။
- အတည်ပြုလူနာအဖြစ်ရောဂါရှာဖွေတွေ့ရှိခြင်း၊ ဆေးရုံတက်၍ဆေးကုသမှုခံယူနေသော အခြေအနေ (ဥပမာ- လူနာသည် COVID-19 ကူးစက်ခံရသောကြောင့် ဆေးရုံ၏အရေးပေါ်ဌာန (ICU) တွင် * ရက်ရှိနေပြီဖြစ်ကြောင်း)

  * ရက်အတိအကျကို ဖြည့်စွက်ဖော်ပြရန်
- ကုသပေးသော အထူးကုဆရာဝန်ကြီး၏အမည်၊ ရာထူး၊ မှတ်တမ်းထုတ်ပြန်သည့်နေ့စွဲ၊ အမည်တံဆိပ်တုံး ရိုက်နှိပ်ထားသောလက်မှတ်
- ဆေးရုံ၏တရားဝင်ထုတ်ပြန်စာပုံစံ (အကယ်၍ရနိုင်လျှင်)
- ကုသစရိတ်ပြေစာ (အကယ်၍ဆေးရုံမှကုသစရိတ်ကောက်ခံခဲ့သည်ရှိသော်)

(ဇ) Manulife Myanmar သည် မိမိတို့၏မူပိုင်လုပ်ပိုင်ခွင့်အရ စည်းကမ်းသတ်မှတ်ချက်များနှင့် သဘောတူညီချက်များကို ကြိုတင်အသိပေးခြင်းမရှိဘဲ ပြောင်းလဲပိုင်ခွင့်ရှိသည်။

Manulife

# ကျွန်တော်တို့အကြောင်း

နှစ်ပေါင်း ၁၃၀ ကျော်တိုင်အောင် ကမ္ဘာတစ်ဝန်းရှိ မိသားစုများ ပိုမိုကောင်းမွန်သောအနာဂတ်ကို ပိုင်ဆိုင်နိုင်ရန် မှန်ကန်သော အာမခံအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအကြံပေးချက်များအားဖြင့် ကာကွယ်မှု ပေးလာခဲ့ပါသည်။ သင့်မိသားစုစားဝတ်နေရေးနှင့် အနာဂတ်သည် သင့်အပေါ်တွင် မှီခိုနေသည်ကို ကျွန်တော်တို့သိနားလည်ထားပါသည်။ သို့ဖြစ်ပါသောကြောင့် ယခုကဲ့သို့ ခက်ခဲကျပ်တည်းသော အချိန်ကာလတွင် သင်ကြိုးစားနေသည့် အလျောက် ကျွန်တော်တို့သည်လည်း သင်အလိုအပ်ဆုံး အချိန်တွင် ငွေကြေးအားဖြင့်ကာကွယ်မှုပေးရန် အသင့် ရှိနေပါသည်။



Manulife

+95 9 765467100

Manulife Myanmar Life Insurance Company Limited
အမှတ် ၁၁၊ ကန်ရိပ်သာလမ်းနှင့် ဦးအောင်မြတ်လမ်းထောင့်၊
၁၆ လွှာ၊ ကန်သာယာရုံးခန်းတာဝါ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်၊ မြန်မာ။

Customer_Service_MM@manulife.com

www.manulife.com.mm

Manulife Myanmar